**MYANMA AGRICULTURAL & GENERAL DEVELOPMENT PUBLIC LTD.**

MAGDPL
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC LTD

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

## စီမံအုပ်ချုပ်သူများ၏ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်

အောက်ဖော်ပြပါ စီမံအုပ်ချုပ်သူများ၏ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်များသည် မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်၏ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းကို အခြေခံထားခြင်းဖြစ်ပြီး ထိုဘဏ္ဍာရေးရှင်းတမ်းနှင့်အတူ တွဲ၍ဖတ်ရှုနိုင်ပါသည်။ အခြားငွေကြေးအနေဖြင့် ဖော်ပြထားခြင်းမရှိပါလျှင် ငွေပမာဏဖော်ပြချက်အားလုံးမှာ မြန်မာကျပ်ငွေဖြစ်ပါသည်။

အဆိုပါ ဘဏ္ဍာရေးရှင်းတမ်းအား နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (IFRSs) နှင့်အညီ ရေးဆွဲထားပြီး၊ ပြင်ပစာရင်းစစ်ဖြစ်သည့် Thadar Sin Co., Ltd. မှ စစ်ဆေးထားပြီး ဖြစ်ပါသည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ (၂၉)ရက်နေ့တွင် ဒါရိုက်တာအဖွဲ့မှ အတည်ပြုပြီး ဖြစ်ပါသည်။

## ဘဏ္ဍာရေးရှင်းတမ်း၏ ဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်းပေါင်းချုပ်

| MAGDPL ဝင်ငွေရှင်းတမ်း နှိုင်းယှဉ်ချက် | ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် | ပြောင်းလဲမှု |
|---|---|---|---|
| ဝင်ငွေ | 11,914,776,434 | 2,803,378,332 | ▲ 9,111,398,102 |
| ကုန်ရောင်းတန်ဖိုး ကုန်ကျစရိတ် | (8,583,407,086) | (2,005,867,924) | ▼ (6,577,539,162) |
| အကြမ်းအမြတ် | 3,331,369,349 | 797,510,408 | ▲ 2,533,858,941 |
| အခြားဝင်ငွေ | 398,705,959 | 107,100,643 | ▲ 291,605,316 |
| စီမံခန့်ခွဲမှုနှင့် အထွေထွေစရိတ် | (178,748,778) | (353,670,547) | ▲ 174,921,770 |
| ဘဏ္ဍာရေးကုန်ကျစရိတ် | (89,432,438) | (89,501,470) | ▲ 69,032 |
| အခွန်မဆောင်မီအမြတ် | 3,461,894,091 | 461,439,034 | ▲ 3,000,455,057 |
| ဝင်ငွေခွန် | (761,616,700) | (101,516,587) | ▼ (660,100,113) |
| အခွန်ဆောင်ပြီးအမြတ် | 2,700,277,391 | 359,922,447 | ▲ 2,340,354,944 |
| ရှယ်ယာတစ်စုအမြတ် (EPS) | 268.41 | 35.78 | ▲ 232.63 |

**ဝင်ငွေ**အနေဖြင့် အရောင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် တန်ဖိုးကျပ် ၂.၈၀၃ ဘီလျံသာ ရရှိခဲ့သော်လည်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် တန်ဖိုးကျပ် ၁၁.၉၁၄ ဘီလျံသို့ တိုးလာခဲ့ပါသည်။ အဓိကအကြောင်းရင်းမှာ ပြည်တွင်းရောင်းဝယ်မှု တိုးလာခြင်းဖြစ်ပြီး အရောင်းပမာဏ တိုးတက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

MYANMA AGRICULTURAL & GENERAL DEVELOPMENT PUBLIC LTD.

MAGDPL
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC LTD

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

**ကုန်ရောင်းတန်ဖိုး ကုန်ကျစရိတ်** ကျပ် ၂.၀၀၅ ဘီလျံ မှ ၈.၅၈၃ ဘီလျံ သို့ တိုးလာခဲ့ပါသည်။ အရောင်းပမာဏ တိုးလာသည်နှင့်အညီ အထွေထွေကုန်ကျစရိတ်များပေးချေရမှုတို့လည်း တိုးလာခြင်းကြောင့် ဖြစ်ပါသည်။

**အကြမ်းအမြတ်တန်ဖိုး** ကျပ် ၀.၇၉၇ ဘီလျံ မှ ၃.၃၃၁ ဘီလျံ သို့ တိုးလာခဲ့ပါသည်။ အရောင်းတိုးလာမှုကြောင့် ကုမ္ပဏီ၏ စီးပွားရေးအခြေအနေ တိုးတက်ကောင်းမွန်လာခြင်း ဖြစ်ပါသည်။

**အခြားဝင်ငွေ** တန်ဖိုး ကျပ် ၀.၁၀၇ဘီလျံ မှ ၀.၃၉၈ဘီလျံ သို့ တိုးလာခဲ့သည်။ Bank Interest နှင့် Myanmar National Telecom Holdings Public Co., Ltd. (MNTH) Loan Interest တို့မှ ရရှိခြင်းကြောင့် ဖြစ်ပါသည်။

**စီမံခန့်ခွဲမှုနှင့် အခြားအသုံးစရိတ်များ**အတွက် တန်ဖိုးကျပ် ၀.၃၅၃ ဘီလျံ မှ ၀.၁၇၈ ဘီလျံ သို့ လျော့ကျခဲ့ပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဝင်ငွေနည်းသော်လည်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ထက် စီမံခန့်ခွဲမှုနှင့် အခြားအသုံးစရိတ်များ များနေခြင်းမှာ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း လွန်ကဲသည့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည့် ဒေသများသို့ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၏ ဦးဆောင်မှုဖြင့် မတ်ပဲနှင့် ပဲတီစိမ်းမျိုးစေ့များ စုပေါင်းလှူဒါန်းခဲ့ခြင်းနှင့် YSX PLB ဝင်ရောက်ခြင်း အခမ်းအနားကျင်းပသည့် ကုန်ကျစရိတ်တို့ကြောင့် ဖြစ်ပါသည်။

**အခွန်မဆောင်မီအသားတင်အမြတ်**အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၀.၄၆၁ ဘီလျံ အမြတ်သာဖြစ်ပေါ်ခဲ့သော်လည်း ၂၀၂၅-၂၀၂၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် တန်ဖိုးကျပ် ၃.၄၆၁ ဘီလျံ အမြတ်ရရှိခဲ့ပါသည်။ အရောင်းတိုးလာမှုနှင့် စရိတ်ထိန်းချုပ်နိုင်မှုကြောင့် အမြတ်တိုးမြှင့်လာခဲ့ခြင်း ဖြစ်ပါသည်။

**ဝင်ငွေခွန်** တန်ဖိုးအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ၀.၁၀၁ ဘီလျံ ကုန်ကျခဲ့သော်လည်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် တန်ဖိုးကျပ် ၀.၇၆၁ ဘီလျံ အခွန်ပေးဆောင်ရန် တာဝန်ရှိလာခဲ့သည်။ အမြတ်တိုးလာမှုကြောင့် အခွန်ပိုမိုပေးဆောင်ရခြင်း ဖြစ်ပါသည်။

**ဝင်ငွေခွန်ဆောင်ပြီးအသားတင်အမြတ်** တန်ဖိုးကျပ် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၀.၃၅၉ ဘီလျံ ဖြစ်ပေါ်ခဲ့သော်လည်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် တန်ဖိုးကျပ် ၂.၇၀၀ ဘီလျံ အမြတ်

MAGDPL
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC LTD
Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

ရရှိပေါ်ပေါက်ခဲ့ပါသည်။ အမြတ်များပိုမိုတိုးတက်လာခြင်းကြောင့် ကုမ္ပဏီ၏ စီးပွားရေး အခြေအနေ ပိုမိုတိုးတက်လာသည်ကို တွေ့ရှိရပါသည်။

**ရှယ်ယာတစ်စု၏ ဝင်ငွေ** မှာ ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ၃၅.၇၈ ကျပ် အမြတ်ဖြစ်ပေါ် ခဲ့သော်လည်း ၂၀၂၅-၂၀၂၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ၂၆၈.၄၁ ကျပ် အမြတ်ရရှိခဲ့ခြင်းကြောင့် ရှယ်ယာတန်ဖိုး တိုးတက်မှုကို ဖြစ်ပေါ်နေပါသည်။

**ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်းအနှစ်ချုပ်**

| MAGDPL ဘဏ္ဍာရေးရှင်းတမ်း နှိုင်းယှဉ်ချက် ဇယား | ၂၀၂၅-၂၀၂၆ | ၂၀၂၄-၂၀၂၅ | ပြောင်းလဲမှု |
|---|---|---|---|
| စုစုပေါင်းရပိုင်ခွင့်များ | 32,085,586,063 | 21,953,038,605 | ▲ 10,132,547,458 |
| လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ | 24,202,048,111 | 11,315,593,270 | ▲ 12,886,454,841 |
| လက်ငင်းရပိုင်းခွင့်များ | 7,883,537,952 | 10,637,445,335 | ▼ (2,753,907,383) |
| ရင်းနှီငွေ | 29,000,813,972 | 20,467,745,701 | ▲ 8,533,068,271 |
| လက်ငင်းမဟုတ်သောပေးရန်တာဝန်များ | 1,047,471,717 | 958,039,279 | ▲ 89,432,438 |
| လက်ငင်းပေးရန်တာဝန်များ | 2,037,300,375 | 527,253,625 | ▲ 1,510,046,750 |

**စုစုပေါင်းရပိုင်ခွင့်တန်ဖိုးများ**မှာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် တန်ဖိုး ကျပ် ၂၁.၉၅၃ ဘီလျံ ဖြစ်ခဲ့သော်လည်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၃၂.၀၈၅ ဘီလျံ သို့ တိုးလာခဲ့ပါသည်။

**လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ** တန်ဖိုး ကျပ် ၁၁.၃၁၅ ဘီလျံ မှ ၂၄.၂၀၂ ဘီလျံသို့ တိုးလာရခြင်းမှာ သီလဝါဆိပ်ကမ်းဒေသ၊ အကွက်အမှတ် ၂၉ တွင် တန်ဖိုးကျပ် ၄.၉၀၈ ဘီလျံ တန်ဖိုးရှိ အလျား ၅၅၀ ပေ x အနံ ၁၅၀ ပေ x အမြင့် ၃၄ ပေ အကျယ်အဝန်း စတုရန်းပေ ၈၂,၅၀၀ ရှိ သိုလှောင်ရုံ ဆောက်လုပ်နေခြင်းကြောင့်ဖြစ်ပါသည်။

**လက်ငင်းရပိုင်ခွင့်များ** ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် တန်ဖိုး ကျပ် ၁၀.၆၃၇ ဘီလျံ မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ၇.၈၈၃ ဘီလျံ သို့ လျော့ကျလာခဲ့ပါသည်။ ကုန်လက်ကျန်များအား ပြည်တွင်းတွင် ရောင်းချပြီးစီးခြင်းကြောင့် ဖြစ်ပါသည်။

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

**ရင်းနှီးငွေ** တန်ဖိုး ကျပ် ၂၀.၄၆၇ ဘီလျံ မှ ၂၉.၀၀ ဘီလျံ သို့ တိုးလာခြင်းမှာ အသားတင် အမြတ် တန်ဖိုး တိုးလာခြင်းကြောင့် ဖြစ်ပါသည်။ ၂၀၂၅-၂၀၂၆ ခုနှစ်ဘဏ္ဍာရေးနှစ်တွင် အမြတ် တန်ဖိုး ကျပ် ၂.၇၀၀ ရရှိခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နှင့် နှိုင်းယှဉ်ပါက တိုးတက်မှုဖြစ်ပေါ် ခဲ့ပါသည်။

**ပေးရန်တာဝန်** စုစုပေါင်းတန်ဖိုး ကျပ် ၁.၄၈၅ ဘီလျံ မှ ၃.၀၈၄ ဘီလျံ ကျပ် သို့ တိုးလာခဲ့ပါသည်။ အဓိကအကြောင်းရင်းမှာ သီလဝါအကွက်အမှတ် ၂၉ တွင် သိုလှောင်ရုံ ဆောက်လုပ်ခြင်းအတွက် ပေးရန်ကျန်ရှိသော ကုန်ကျစရိတ်တန်ဖိုး ကျပ် ၁.၀၉၅ ဘီလျံကို လျာထားခြင်းနှင့် ပေးရန်ရှိ ဝင်ငွေခွန်လျာထားခြင်းတို့ကြောင့် ဖြစ်ပါသည်။

ဘဏ္ဍာရေး အခြေအနေပြရှင်းတမ်းကို စာရင်းစစ်အဖွဲ့၏ ဘဏ္ဍာရေးရှင်းတမ်းအစီရင်ခံစာတွင် အသေးစိတ် တင်ပြထားပါသည်။

**နိဂုံးချုပ်**

၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ဘဏ္ဍာရေးအခြေအနေသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါကတိုးတက်ကောင်းမွန်လာခဲ့ပါသည်။ ရောင်းအားတိုးတက်လာခြင်း၊ ကုန်ကျစရိတ်များကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ခြင်းနှင့် အမြတ် ပိုမိုရရှိလာခြင်းတို့ကြောင့် ကုမ္ပဏီ၏ စွမ်းဆောင်ရည် ပိုမို ကောင်းမွန်လာခဲ့ပါသည်။

ထို့အပြင် ပိုင်ဆိုင်မှုများနှင့် အစုရှယ်ယာရှင်များ၏ ရင်းနှီးငွေ တိုးတက်လာခြင်းသည် ကုမ္ပဏီ၏ ဘဏ္ဍာရေး အခြေအနေ ပိုမိုခိုင်မာလာကြောင်းကို ဖော်ပြနေပါသည်။

အနှစ်ချုပ်အားဖြင့် ကုမ္ပဏီသည် ယခုဘဏ္ဍာရေးနှစ်တွင် အမြတ်အစွန်းရရှိပြီး စီးပွားရေးလုပ်ငန်းကို တည်ငြိမ်စွာ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ အနာဂတ်တွင်လည်း အမြတ်အစွန်းနှင့် ဘဏ္ဍာရေးခိုင်မာမှုကို ဆက်လက်ထိန်းသိမ်း၍ အစုရှယ်ယာရှင်များအတွက် ရေရှည်တန်ဖိုးများ ဖန်တီးပေးနိုင်မည်ဟု မျှော်မှန်းထား ပါသည်။

**ဒါရိုက်တာအဖွဲ့**

MYANMA AGRICULTURAL & GENERAL DEVELOPMENT PUBLIC LTD.

MAGDPL
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC LTD

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

## Management Discussion and Analysis

The following Management Discussion and Analysis provides an overview of the financial performance and financial position of Myanmar Agricultural and General Development Public Co., Ltd (MAGDPL) for the fiscal year ended 31 March 2026. This discussion has been prepared based on the Company's audited financial statements and should be read in conjunction with those financial statements. Unless otherwise indicated, all monetary amounts presented in this report are expressed in Myanmar Kyats (MMK).

The accompanying financial statements have been prepared in accordance with the International Financial Reporting Standards (IFRSs) and have been audited by the Company's independent external auditor, Thadar Sin Co., Ltd.

## Comprehensive Financial Statement Summary

| MAGDPL Comparative Income Statement | 2025-2026 | 2024-2025 | Change |
|---|---|---|---|
| **Revenue** | 11,914,776,434 | 2,803,378,332 | ▲ 9,111,398,102 |
| **Cost of Sale** | (8,583,407,086) | (2,005,867,924) | ▼ (6,577,539,162) |
| **Gross Profit** | 3,331,369,349 | 797,510,408 | ▲ 2,533,858,941 |
| **Other Income** | 398,705,959 | 107,100,643 | ▲ 291,605,316 |
| **Admin & General Expenses** | (178,748,778) | (353,670,547) | ▲ 174,921,770 |
| **Finance Costs** | (89,432,438) | (89,501,470) | ▲ 69,032 |
| **Net Profit Before Tax** | 3,461,894,091 | 461,439,034 | ▲ 3,000,455,057 |
| **Income Tax** | (761,616,700) | (101,516,587) | ▼ (660,100,113) |
| **Net Profit After Tax** | 2,700,277,391 | 359,922,447 | ▲ 2,340,354,944 |
| **EPS** | 268.41 | 35.78 | ▲ 232.63 |

## Revenue

Revenue increased significantly from MMK 2.803 billion in the 2024–2025 fiscal year to MMK 11.914 billion in the 2025–2026 fiscal year. The main reason was the increase in domestic sales, which led to higher sales volume.

MAGDPL
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC LTD
Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

**Cost of Goods Sold**

The cost of goods sold increased from MMK 2.005 billion to MMK 8.583 billion. This increase was primarily attributable to the higher sales volume, which led to increased product-related expenses.

**Gross Profit**

Gross profit increased from MMK 0.797 billion to MMK 3.331 billion, reflecting improvement in the Company's financial performance as a result of increased sales.

**Other Income**

Other income increased from MMK 0.107 billion to MMK 0.398 billion, primarily income from bank interest and Myanmar National Telecom Holdings Public Co.,Ltd (MNTH) loan interest.

**Administrative and Other Expenses**

Administrative and other expenses decreased from MMK 0.353 billion to MMK 0.178 billion. Administrative and other expenses were higher in the 2024–2025 fiscal year although lower revenue, primarily due to donations of Black Matpe and Green Mung Bean seeds to flood-affected areas in September 2024 under the leadership of the Myanmar Pulses , Beans, Maize and Sesame Seeds Merchants Association (MPBMSMA), as well as expenses related to the YSX PLB listing ceremony.

**Net Profit Before Tax**

Net Profit before tax increased from MMK 0.461 billion in the 2024–2025 fiscal year to MMK 3.461 billion in the 2025–2026 fiscal year. This improvement was mainly driven by increased sales and effective cost control.

**Income Tax**

MAGDPL
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC LTD
Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

Income tax increased from MMK 0.101 billion in the 2024–2025 fiscal year to MMK 0.761 billion in the 2025–2026 fiscal year, The increase in income tax was attributable to the higher profit earned during the year.

**Net Profit After Tax**

Net profit after tax increased from MMK 0.359 billion in the 2024–2025 fiscal year to MMK 2.700 billion in the 2025–2026 fiscal year, the higher level of profit reflects a significant improvement in the Company's overall financial performance and financial position.

**Earnings Per Share (EPS)**

Earnings per share (EPS) increased from MMK 35.78 in the 2024–2025 fiscal year to MMK 268.41 in the 2025–2026 fiscal year, reflecting growth in shareholder value.

**Balance Sheet Summary**

| MAGDPL Balance Sheet Statement | 2025-2026 | 2024-2025 | Change |
|---|---|---|---|
| **Total Assets** | 32,085,586,063 | 21,953,038,605 | ▲ 10,132,547,458 |
| **Non-Current Assets** | 24,202,048,111 | 11,315,593,270 | ▲ 12,886,454,841 |
| **Current Assets** | 7,883,537,952 | 10,637,445,335 | ▼ (2,753,907,383) |
| **Equity** | 29,000,813,972 | 20,467,745,701 | ▲ 8,533,068,271 |
| **Non-Current Liabilities** | 1,047,471,717 | 958,039,279 | ▲ 89,432,438 |
| **Current Liabilities** | 2,037,300,375 | 527,253,625 | ▲ 1,510,046,750 |

**Total Assets**

Total assets increased from MMK 21.953 billion in the 2024–2025 fiscal year to MMK 32.085 billion in the 2025–2026 fiscal year

**Non-Current Assets**

The increase from MMK 11.315 billion to MMK 24.202 billion was mainly attributable to the construction of a warehouse at Plot No. 29, Thilawa Port Area. The warehouse, with a

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

construction cost of MMK 4.908 billion, has dimensions of 550 feet in length, 150 feet in width, and 34 feet in height, providing a total floor area of 82,500 square feet.

**Current Assets**

Current assets decreased from MMK 10.637 billion in the 2024–2025 fiscal year to MMK 7.883 billion in the 2025–2026 fiscal year. This was mainly attributable to the completion of domestic sales of the remaining inventories.

**Equity**

Shareholders' equity increased from MMK 20.467 billion to MMK 29.000 billion, primarily due to the increase in net profit. The Company recorded a net profit of MMK 2.700 billion in the 2025–2026 fiscal year, representing an improvement compared with the 2024–2025 fiscal year.

**Total Liabilities**

Total liabilities increased from MMK 1.485 billion to MMK 3.084 billion. This increase was mainly attributable to the recognition of MMK 1.095 billion in outstanding construction costs for the warehouse at Thilawa Port, Plot No. 29, together with the provision for income tax payable.

Detailed information on the Statement of Financial Position is presented in the Independent Auditor's Report and the accompanying Financial Statements.
The company’s financial position statement is presented in detail in the auditor’s financial report.

**Conclusion**

During the 2025–2026 fiscal year, the Company achieved improvement in its operating performance and financial position compared with the previous fiscal year. Higher sales,

MAGDPL
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC LTD
Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

effective cost management, and increased profitability contributed to the Company's improved overall performance.

In addition, the growth in total assets and shareholders' equity reflects the strengthening of the Company's financial position.

In conclusion, the Company successfully generated a profit during the year and continued to strengthen its business performance. With continued focus on profitability, sound financial management, and sustainable business growth, the Company is well positioned to create long-term value for its shareholders.

**BOD**